# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# (၂၃-၃-၂၀၂၀ ) (တနင်္လာနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအား သက်ဆိုင်ရာ ဘာသာရပ် တစ်ခုချင်းစီအလိုက် အထူးပြုမဟာဘွဲ့လွန်ပညာများ ဆက်လက်သင်ကြား ပေးရန်အတွက် မည်သည့်ပညာသင်နှစ်တွင် စတင်သင်ကြားပေးမည်နှင့် မည်သည့် တက္ကသိုလ်တွင် သင်ကြားပေးမည်ကို သိလိုခြင်းနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့ တည်ဆောက်ရာ၌ ဌာနဆိုင်ရာအဆောက်အဦများ နေရာချထားရာတွင် အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နိုင်ရေးအတွက် မြေဧရိယာ (၁၂၀ ပေ×၁၂၀ ပေ)အား ခွဲဝေ၊ ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတက် ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၏ **မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ပန်ပိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်း(ထက်)လားဟူရွာ၊ ကျေးရွာ အမက(ခွဲ) အဆောက်အဦဟောင်းအား ဖျက်သိမ်း၍ အဆောက်အဦအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **ကော့သောင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် လစ်လပ်လျက်ရှိသော ဆရာ၊ ဆရာမများကို ဖြည့်စွက်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **၂၀၁၃ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့ နိုင်ငံပိုင်ကြေးမုံသတင်းစာပါ အလုပ်ခေါ်စာအရ မူလတန်းစာပေးစာယူ သင်တန်း တက်ရောက်မည့် အရည်အချင်းစစ်စာမေးပွဲ ယှဉ်ပြိုင်ဖြေဆို အောင်မြင်ခဲ့ပြီးသော အထွေထွေလုပ်သားများကို သတင်းစာပါ အလုပ် ခေါ်စာ ကတိကဝတ်အတိုင်း မူလတန်းစာပေးစာယူ သင်တန်းခေါ်ယူရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်ကြီး(ခ) ဦးအုန်းခင်၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နယ်ရှိ ရဲဝန်ထမ်းများနေထိုင်သော ဟောင်းနွမ်းအိမ်ရာအဆောက်အဦများအား ဖျက်သိမ်း၍ အိမ်ရာအသစ် ဆောက်လုပ်ပေးရန်နှင့် အသုံးပြုရန် မသင့်လျော်သော မော်တော်ယာဉ် (၂) စီးအား အသစ်လဲလှယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၏ **ဥတ္တရသီရိမြို့နယ် မြေနေရာရှိပြီးသော မင်းကုန်းအုပ်စုတွင် မီးသတ်ကားထားရှိပြီး ရုံးခွဲဖွင့်လှစ်ပေးရန်၊ တောင်ညိုအုပ်စု၊ ရွှေနံ့သာရပ်ကွက်နှင့် မောင်းရမ်းအုပ်စုများတွင် မီးသတ်ကား ထားရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **သိန္နီမြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းအတွက် ၂၀၂၀-၂၀၂၁ စီမံကိန်းတွင် မြို့နယ်ရုံး တစ်ထပ်ဆောင် ဆောက်လုပ်ခြင်း၊ အချုပ်ခန်းတစ်လုံး ဆောက်လုပ်ခြင်းနှင့် လူနေအိမ်လိုင်းခန်း ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးစိုင်းဆမ်၊ မိုင်းယန်း မဲဆန္ဒနယ်၏ **မိုင်းယန်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးတွင် လိုအပ်နေသော ရဲစခန်း (အချုပ်ခန်းပါ) (၉၀×၃၀×၁၂)ပေ သံကူကွန်ကရစ်(၁)လုံး၊ မြို့နယ်ရဲတပ်ဖွဲ့ရုံး (၄၀×၃၂×၁၂)ပေ Steel Structure (၁) ထပ် တစ်လုံး၊ (၆) ခန်း တွဲ ၂ ထပ် (၁၂၆ပေ× ၃၅ပေ× ၆လက်မ)+ ၂×၂(၂၀×၂၀)ပေ သံကူကွန်ကရစ် တစ်လုံး တို့အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။